# ပြိုင်ပွဲပြီးဆုံးခြင်း

YR C
NO. 16





**အလွတ်ကျမ်းချက်။ ။ တိမောသေဩဝါဒစာ ဒုတိယစောင် ၄း၈**

**“ယနေ့မှစ၍ ဓမ္မသရဖူသည် ငါ့အဘို့သိုထားလျက်ရှိ၏။ ထိုနေ့ရက်၌ တရားသဖြင့် စီရင်သောသူတည်းဟူသော သခင်ဘုရားသည် ထိုသရဖူကို ငါ၌အပ်ပေးတော်မူမည်။ ထိုမျှမက၊ ပေါ်ထွန်းတော်မူခြင်းကို တောင့်တသောသူအပေါင်းတို့၌လည်း အပ်ပေးတော်မူမည်။”**

## တနင်္ဂနွေနေ့ ၊ တိတုဩဝါဒစာ ၁

တိတုဩဝါဒစာစောင်သည် တိတုအမည်ရှိသောသူထံသို့ ပေါလုရေးသားသော စာတစ်စောင်ဖြစ်သည်။ တိမောသေကဲ့သို့၊ တိတုသည် ပေါလု၏အားကိုးရဆုံးပုဂ္ဂိုလ်ဖြစ်၏။ ပေါလုလည်း သူ့အား “ဆက်ဆံသောယုံကြည်ခြင်းအားဖြင့် ငါ့သားစစ်ဖြစ်သော တိတု” ဟု ခေါ်ဆိုခဲ့၏ (တိတုဩဝါဒစာ ၁း၄)။ ပေါလုသည် တိမောသေထံ ရေးသောပထမစာစောင်ကဲ့သို့၊ တိတုထံ ရေးသောစာစောင်သည်လည်း အသင်းတော်၌ရှိသော ခေါင်းဆောင်များအတွက် သွန်သင်ခြင်းနှင့် အကြံဉာဏ်ပေးခြင်းများဖြင့် ပြည့်နေ၏။

ပေါလုသည် ထိုနေရာတွင်ရှိသော အသင်းတော်များကို ဖွဲ့စည်း၊ စည်းလုံးစေရန်နှင့် ကြီးကြပ်ကွပ်ကဲရန် ကရေတေကျွန်းတွင် ရှိသော တိတုမြို့မှ ထွက်သွားခဲ့လေ၏။ တိတုသည် အသင်းတော်တစ်ခုစီ၌ သင်းအုပ်တို့ကို ခန့်ထားလေ၏။ ထို့ကြောင့် သူတို့သည် သူတို့၏ ပြည်တွင်းအသင်းတော်များ၏လိုအပ်ချက်များကို ဂရုစိုက်စောင့်ရှောက်နိုင်မည်ဖြစ်သည်။ တိတုဩဝါဒစာ ၁း၅။ ထို့နောက် ပေါလုသည် တိမောသေကို သွန်သင်ခဲ့သည်နည်းတူ အသင်းအုပ်များကိုလည်း အပြစ်တင်ခွင့်နှင့်ကင်းလွတ်သောသူများဖြစ်ဖို့ရန် သွန်သင်ခဲ့လေ၏ (အငယ် ၆-၉)။

ထို့နောက် ပေါလုသည် သူသွန်သင်ပေးသောအရာသည် အသင်းသူအသင်းသားများတစ်ယောက်တိုင်းစီထံသို့ လက်တွေ့ အသုံးပြုရန်နှင့် ယနေ့ကျွန်ုပ်တို့လည်း အသုံးပြုရန်ဖြစ်သည်။ အသက် အရွယ်ကြီးရင့်သောယောကျ်ားတို့သည် အဘယ်ကဲ့သို့ဖြစ်ရမည်နည်း။ တိတုဩဝါဒစာ ၂း၂။ အသက်ကြီးရင့်သောမိန်းမတို့သည် အဘယ်ကဲ့သို့ဖြစ်ရပါမည်နည်း။ အငယ် ၃၊ ၄။ အသက်ပျိုသော မိန်းမတို့သည် အဘယ်ကဲ့သို့ဖြစ်ရပါမည်နည်း။ အငယ် ၄၊ ၅။ အသက်ပျိုသောယောကျ်ားတို့သည် အဘယ်သို့ဖြစ်ရပါမည်နည်း။ အငယ် ၆၊ ၈။

ကျွန်ုပ်တို့အားလုံးသည် အဘယ်ကြောင့် ဤနည်းလမ်းဖြင့် အသက်ရှင်ပါအံ့နည်း။ ပေါလုက “လူအပေါင်းတို့ကို ကယ်တင်တတ်သောဘုရားသခင်၏ကျေးဇူးတော်သည် ထင်ရှားပေါ်ထွန်းလျက်ရှိ၏” ဟု ပြောဆိုထား၏။ ဤကျေးဇူးတော်သည် မကောင်းမှုပြုလုပ်ရန် ကျွန်ုပ်တို့ကို လွတ်လပ်ခွင့်မပေးချေ။ တနည်းအားဖြင့် ကျွန်ုပ်တို့သည် ယေရှု၏မကြာမီကြွလာခြင်းကို စောင့်ကြိုနေသောသူများဖြစ်သည့်အလျောက်၊ လောကီတပ်မက်ခြင်းကိုဖယ်ရှားလျက်၊ ယခုဘဝ၌ ဣန္ဒြေစောင့်ခြင်း၊ တရားသဖြင့်ကျင့်ခြင်း၊ ဘုရားဝတ်၌ မွေ့လျော်ခြင်းတို့ကို ပြုနေရမည်အကြောင်း ၎င်းက သင်ကြားပေး၏။

ထို့နောက်၊ ပေါလုသည် ယေရှုအကြောင်းနှင့်ပတ်သတ်သော ဧဝံဂေလိသတင်းစကားအကြောင်းကို အထူးသဖြင့် သူသည် အဘယ်သို့သောနည်းဖြင့် ဟောပြောသင့်သည်ကို တိတုအားပြောပြခဲ့၏။ ယေရှုအကြောင်း ဧဝံဂေလိသတင်းစကားဆိုသည်မှာ အဘယ်နည်း။ တိတုဩဝါဒစာ ၃း၃-၈ ၌ ပေါလု အဘယ်သို့ရေးသားကြောင်းကို ဖတ်ပါ။ ၎င်းသည် သမ္မာကျမ်း၏အကျစ်လစ်ဆုံးသောဧဝံဂေလိတရားအကြောင်း ဖော်ပြချက်ထဲမှ တစ်ခုဖြစ်သည်။

ထို့အပြင် ပေါလုသည် တိတုအား ရှောင်သင့်သောအရာများအကြောင်း ကိစ္စပြဿနာများ၏ဥပမာများကိုလည်း ပေးခဲ့၏။ ဘုရားသခင်အတွက် အမှုတော်လုပ်ဆောင်သူများအား အာရုံထွေပြားစေရန် စာတန်၌ အသုံးပြုနိုင်သည့် နည်းလမ်းပေါင်းများစွာရှိ၏။ အငယ် ၉။

**လက်တွေ့ကျင့်သုံးရန်** - သင်သည် မိမိကိုယ်ကို ဘယ်လိုဖော်ပြသနည်း။ တိတုဩဝါဒစာ ၂း၇၊ ၈ ၌ ဖော်ပြချက်သည် သင်၏ အသက်တာနဲ့ ကိုက်ညီပါသလား။

## တနင်္လာနေ့ ၊ နီရိုးဘုရင်ရှေ့တော်၌ ပေါလု (တိမောသေဩဝါဒစာ ဒုတိယစောင် ၄း၁၀-၁၂၊ ၁၆၊ ၁၇) ၂

ပေါလုသည် အသင်းတော်များကြား အလုပ်များနေသည်နှင့်အမျှ၊ မယုံကြည်သောယုဒလူမျိုးများသည် ပေါလုအားယခင်က ထက်သာ၍ စတင်မုန်းတီးခဲ့ကြလေ၏။ သို့သော် သူတို့သည် ပေါလုကို အဘယ်သို့ ရှင်းပစ်နိုင်မည်နည်း။ စစ်သူကြီးလုတိ၊ ဖေလစ်မင်း၊ ဖေတ္တုမင်း၊ အဂြိပ္ပမင်းကြီးနှင့် ယခုနီရိုးမင်းအစရှိသောသူတို့သည် ပေါလုက အပြစ်မဲ့သောသူဖြစ်ကြောင်း ပြောဆိုခဲ့ကြသောသူများဖြစ်သည်။



ထို့နောက် စာတန်သည် သူတို့အား အကြံအစည်တစ်ခုကို ပေးခဲ့၏။ ၎င်းမှာ မှားယွင်းစွာစွပ်စွဲမှုသက်သက်တစ်ခုသာဖြစ်၏။ သို့သော် အခြေအနေတစ်ခုအောက်တွင် ၎င်းသည် အ လုပ်ဖြစ်နိုင်ကောင်းဖြစ်နိုင်ပါသည်။ သူတို့သည် ပေါလုအား ရောမမြို့၏ထက်ဝက်နီးပါးကို လောင်ကျွမ်းစေခဲ့သော ကြောက်မက်ဖွယ် မီးလောင်ရာ မီးစတင်ခြင်းအတွက် သူ့မှာတာဝန်ရှိသည်ဟု စွပ်စွဲကြလိမ့်မည်။

---

သင်၏ခန္ဓာကိုယ်အစိတ်ပိုင်းများထဲမှ စကား သို့မဟုတ် လျှာသည် အခြားသောအဘယ်အစိတ်အပိုင်းများထက် ထိန်းချုပ်ရန် ခက်ခဲသည့်အစိတ်အပိုင်းဖြစ်သည်ကို သင်သိပါသလား။ ၎င်းသည် မှန်ပါပေသည်။ လူတစ်ယောက်သည် သူ၏စကား သို့မဟုတ် လျှာကို လုံးဝထိန်းချုပ်နိုင်ပါက၊ သူသည် သူ၏အခြားသောအစိတ်အပိုင်းများကို ထိန်းချုပ်နိုင်သည်ဟု ယာကုပ်က ပြောဆိုထား၏။ (ရှင်ယာကုပ်ဩဝါဒစာ ၃း၂)။ သို့သော် ထိုအရာကို မိမိကိုယ်တိုင်၊ မိမိခွန်အားဖြင့် လုပ်ဆောင်နိုင်ဖို့ရန် ဖြစ်နိုင်ပါသလား။ မဖြစ်နိုင်ပါ။ လျှာသည် ပြဿနာများစွာကို ဖြစ်ပွားစေနိုင်ပါသည်။ ရှင်ယာကုပ်ဩဝါဒစာ ၃း၃-၁၂။

ထိုသို့ဆိုလျှင် ဖြေရှင်းချက်မှာ အဘယ်သို့နည်း။ ကျွန်ုပ်တို့လိုအပ်သောအရာမှာ ဘုရားသခင်ထံမှပညာဖြစ်သည်ဟု ယောကုပ်က ပြောဆိုထားသည်။ အငယ် ၁၇၊ ၁၈ ၌ ထိုပညာအကြောင်း ယာကုပ်၏ဖော်ပြချက်ကို ဖတ်ပါ။ ကျွန်ုပ်တို့၌ ထိုပညာမျိုးရှိနေပါက၊ ကျွန်ုပ်တို့၏ပြောဆိုမှုများသည်လည်း ကောင်းကျိုးနှင့်ပြည့်စုံပေမည်။

**လက်တွေ့ကျင့်သုံးရန်** - သင်၏ပြောဆိုမှုများသည် ကောင်းကျိုးနှင့်ပြည့်စုံဖို့ရန် သင်အလိုရှိပါသလား။ သင်၏ပြောဆိုသောစကားများအားလုံးသည် စင်ကြယ်ခြင်းသောစကားများ၊ အသင့်အတင့်သောစကားများ၊ ဖြည်းညှင်းသောစကားများနှင့် အလိုတော်နှင့်ပြည့်စုံသောစကားများဖြစ်ရန် သင်အလိုရှိပါသလား။ ထိုပညာအတွက် ဘုရားသခင်ထံ သင်တောင်းနိုင်ပါသည်။ သင်သည် ယုံကြည်ခြင်းအားဖြင့်တောင်းခံပါလျှင် သူသည် ၎င်းအား သင်ကိုပေးအပ်မည်ဖြစ်သည်။ ရှင်ယာကုပ်ဩဝါဒစာ ၁း၅-၈။

သို့သော် သင့်အကျင့်အားဖြင့် ထိုစစ်မှန်သောယုံကြည်ခြင်းပြရန် သတိရပါ။ သင်၏စကား သို့မဟုတ် လျှာကို ထိန်းချုပ်နိုင်ရန် ထိုပညာအတွက် ဘုရားသခင်ကို တောင်းခံပြီးနောက်တွင်လည်း၊ မှန်ကန်သောစကားပြောခြင်းဖြင့် အစပြုရန် ရွေးချယ်ပါ။ နေ့တိုင်း၊ သခင်ယေရှုကို အတုယူရန် ကြိုးစားပါ။ သူသည် အောင်မြင်ရန် ခွန်အားကို သင့်အားပေးလိမ့်မည်။

## သောကြာနေ့ ၊ ရှင်ယုဒဩဝါဒစာ ၆

ရှင်ယုဒဩဝါဒစာသည် ယုဒအမည်ရှိသောသူတစ်ယောက်ရေးသားသော စာစောင်ဖြစ်၏။ ရှင်ယာကုပ်ဩဝါဒစာကဲ့သို့၊ စာရေးသူ သို့မဟုတ် ဤစာစောင်ကို အဘယ်ချိန်က ရေးသားသည့်အကြောင်းကို ကျွန်ုပ်တို့မသိရှိပါ။ ဤစာစောင်မှ သတင်းစကားသည် ယနေ့ချိန်၌ ကျွန်ုပ်တို့အတွက် အလွန်ပင် အရေးကြီးနေဆဲဖြစ်သည်။



ယုဒမှာ ခရစ်ယာန်များ၏ ယုံကြည်ခြင်းအကြောင်းနှင့်ပတ်သတ်သောအကြောင်းအရာကို ရေးသားရန် အစီအစဥ်ရှိခဲ့၏။ သို့သော် သူ၏အစီအစဥ်များကို ပြောင်းလဲခဲ့၏။ သူသည် တိုးတက်ဖြစ်ပွားနေသည့် အန္တရာယ်ရှိသောအခြေအနေအကြောင်းကို ရေးသားရန် အကျပ်အတည်းခိုင်းခြင်းကို ခံစားခဲ့ရ၏။ သူ၏စာကို ဖတ်ရှုသူများသည် ယခုတွင် အပေါ်ယံအားပေးတိုက်တွန်းခြင်းကို မလိုအပ်ခဲ့ကြချေ။ ထိုသို့လိုအပ်မည့်အစား၊ သူတို့သည် “ယုံကြည်ခြင်းအတွက် ပြင်းပြင်းထန်ထန် ရင်ဆိုင်ရန်” သတိပေးနိုးဆော်ခြင်းကို လိုအပ်ခဲ့ကြ၏။ (ရှင်ယုဒဩဝါဒစာ ၃) ။

အချို့မိစ္ဆာဆရာများသည် အသင်းတော်သို့ လျှို့ဝှက်စွာလာခဲ့ကြပြီး၊ သူတို့၏သွန်သင်ချက်များသည် ဆိုးညစ်၊ မိုက်မဲခြင်းဘက်သို့ အားပေးတိုက်တွန်းရန် ကြိုးစားလုပ်ဆောင်ကြ၏။ အငယ် ၄။ ယုဒက သူ၏စာဖတ်သူများကို အကယ်၍ ထိုမိစ္ဆာဆရာများသည် သူတို့၏မှားယွင်းသောနည်းလမ်းဖြင့် ဆက်လက်လုပ်ဆောင်ပါက၊ ဘုရားသခင်သည် သူတို့ကို ဧကန်အမှန်တရား စီရင်မည့်အကြောင်းကို သတိပေးခဲ့၏။ ယုဒသည် ယခင်က ဘုရားသခင်စီရင်ခဲ့သော အချိန်ကာလ ဥပမာသုံးခုကို ပေးလေ၏။ အငယ် ၅-၇။







ထိုမိစ္ဆာအရာများ၏အသုံးမကျခြင်းအကြောင်းနှင့်ပတ်သတ်၍ သူ၏ဆိုလိုရင်းကို နားလည်ရန် သူ၏စာဖတ်သူများကို အသေချာပြောပြခဲ့၏။ ယုဒသည် သူတို့ကို သဘာဝတရား၌ အသုံးမဝင်သောအရာမြောက်များစွာနှင့် နှိုင်းယှဥ်ပြခဲ့၏။ တိမ်များသည် မိုးကို ထုတ်လုပ်ပေးသင့်၏၊ သို့သော် ထိုမိစ္ဆာဆရာများသည် “ရေမပါသော တိမ်များ” ဖြစ်ကြ၏။ သစ်ပင်များသည် ပြည့်လျှံလုံလောက်သော အသီးကို သီးသင့်၏၊ သို့သော် ထိုမိစ္ဆာဆရာများသည် “အသီးမသီးသော အပင်များ” ဖြစ်ကြ၏။ မရွေ့လျားသောကြယ်များသည် သူတို့၏နေရာမှန်နှင့် ဦးတည်ရာလမ်းညွှန်မှုကို တွက်ချက်ခြင်းအားဖြင့် အသုံးဝင်သောကိုးကားရာရည်ညွှန်းချက်များ ဖြစ်ကြ၏၊ သို့သော် မိစ္ဆာဆရာများသည် “လှည့်လည်သွားလာသောကြယ်များ” ဖြစ်ကြ၏။ အငယ် ၁၂၊ ၁၃။

ထို့နောက်၊ ယုဒသည် နောအေချိန်၌တစ်ကမ္ဘာလုံးဆိုင်ရာရေလွှမ်းမိုးခြင်းမတိုင်မီ သေခြင်းမှကင်းလွတ်၍ ဘဝပြောင်းခဲ့သော ဧနောက်၏ပရောဖက်ဟောချက်တစ်ခုကို ကိုးကားခဲ့၏။ သူသည် ယေရှုခရစ်တော်၏ ဒုတိယအကြိမ်ကြွလာခြင်းအကြောင်းနှင့် လူဆိုးများအားလုံးအပေါ် ကျရောက်မည့်တရားစီရင်ခြင်းအကြောင်းကို ကြိုတင်ဟောထားလေ၏။ အငယ် ၁၄၊ ၁၅။

သို့သော် ကျွန်ုပ်တို့သည် ထိုအရာများအားဖြင့် အံ့ဩမနေသင့်ကြောင်း ယုဒက ပြောထားသည်။ တမန်တော်များသည်လည်း ထိုမိစ္ဆာဆရာများသည် ထိုကဲ့သို့ရောက်လာမည့်အကြောင်းကို ကြိုတင်ဟောထားခဲ့ပြီးဖြစ်၏။

**လက်တွေ့ကျင့်သုံးရန်** - အသင်းတော်၌ အကျင့်ချစားသည့် သူများရှိခဲ့ပြီးပြီ၊ ရှိနေဦးမည်။ သူတို့သည် ဘုရားသခင်ကို မသိသောသူများ ဖြစ်သည်။ ထို့အပြင် သူတို့သည် စကားအများပြောသောသူ၊ လူများအား သူတို့၏လောကီအလိုဆန္ဒများနှင့် တပ်မက်ခြင်းများနောက်လိုက်ရန် အားပေးတိုက်တွန်းကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ထိုမိစ္ဆာဆရာများ၏ လှည့်စားခြင်းများကို မခံသင့်ပေ။ ထိုသို့အစား၊ ကျွန်ုပ်တို့သည် စိတ်အားထက်သန်စွာ ဆုတောင်းရမည်၊ ဘုရားသခင်ကို မျက်မှောက်ပြုရမည်။ ကျွန်ုပ်တို့သည် အမှန်တရားကို သိရှိပြီး၊ လှည့်စားခြင်းသို့မပါသွားစေဖို့ အခြားသောသူများအား ကူညီရန် ရှာဖွေရမည် ဖြစ်သည်။ အငယ် ၂၀၊ ၂၁။

ယေရှုတစ်ပါးတည်းသာ အပြစ်ပြုလုပ်ခြင်းမှ စောင့်ရှောက်ပေးနိုင်သောသူ၊ ဘုရားသခင်ရှေ့တော်၌ အပြစ်ကင်းစေရန် ကျွန်ုပ်တို့အား ဆက်သနိုင်သောသူ ဖြစ်သည်။ ကျွန်ုပ်တို့သည် သူ့ကို ရှေ့ရှုနေမည်ဆိုင်လျှင်၊ သူသည် ကျွန်ုပ်တို့အား လုပ်ပေးလိမ့်မည်။ သူသည် ကမ္ဘာအဆက်ဆက်ဘုန်းတန်ခိုးအာနုဘော်အားလုံးကို ပိုင်သသောသူဖြစ်သည်။ အငယ် ၂၄၊ ၂၅။

© ၂၀၂၂ - My Bible First www.mybiblefirst.org sales@mybiblefirst.org

ထို့ကြောင့် ၎င်းတို့သည် ပေါလုအား အလျန်အမြန်ဖမ်းစေပြီး၊ ရောမမြို့သို့ ပြန်ခေါ်ဆောင်စေခဲ့လေ၏။ ဤအချိန် ရောမမြို့၌ သူ၏ ကိုယ်ပိုင်အိမ်ကို တဲခိုဖို့ငှါးရန်ခွင့်ပေးမည့်အစား၊ သူ့အား စိုထိုင်းသောမြေအောက်အကျဉ်းတိုက်အမှောင်ထဲ့သို့ ချထားခဲ့လေ၏။ မကြာမီ၊ သူသည် ရောမမြို့သို့ ဒုတိယခရီးစဉ်၌ သူနှင့်အတူလိုက်ပါခဲ့သော အပေါင်းအဖော် အနည်းငယ်များထဲမှ လုကာသာ ကျန်ခဲ့သည်အထိ ထွက်ခွာခဲ့ကြ၏။ အချို့တို့သည် ဒေမကဲ့သို့ စိတ်ဓာတ်ကျပြီး ပေါလုကိုစိတ်ပျက်အားလျော့လာကြသော်လည်း ပေါလုသည် အခြားသူများအား အသင်းတော်အမျိုးမျိုးတွင် အမှုတော်လုပ်ငန်းလုပ်ဆောင်ရန် စေလွှတ်ခဲ့လေ၏။ တိမောသေဩဝါဒစာ ဒုတိယစောင် ၄း၁၀-၁၂။

ယခုအချိန်သည် သူ့အပေါင်းအဖော်တို့အား ပေါလုအလိုရှိသော အချိန်ခါဖြစ်၏။ ပေါလုသည် မြေအောက်အကျဉ်းတိုက်ထဲ၌ တစ်ယောက်ထဲရှိနေရစဉ်တွင် ဖေက်မြို့မှ ဩနေသိဖော်ထံမှ မကြာခဏအလည်အပတ်ပြုခြင်းအားဖြင့် အားပေးခြင်းရရှိခဲ့၏။ ဩနေသိဖော်သည် ရောမမြို့၌ သူချစ်ရသောဆရာ၊ သူ့ဆရာပေါလုကိုတွေ့သည့်အထိ ရှာဖွေခဲ့သည်။ (တိမောသေဩဝါဒစာ ဒုတိယစောင် ၁း၁၆၊ ၁၇)

နီရိုးရှေ့ ဒုတိယအကြိမ်တရားရုံးမှာ ပေါလုသည် စကားပြောဖို့ရန် အခွင့်ရရှိခဲ့သည်။ သူသည် ထိုအချိန် သူ၏အမြတ်နိုးဆုံးဖြစ်သော ယေရှုခရစ်တော်၏ဧဝံဂေလိသတင်းစကားအကြောင်းကို ဟောပြောဖို့ရန် ရွေးချယ်ခဲ့သည်။ ရုံးတော်ခန်းမသည် ကယ်တင်ခြင်းရရှိရန်လိုအပ်နေသော လူတန်းစားအားလုံးနှင့် ပြည့်နှက်နေ၏။ သူသည် ပြည်သူများအတွက် သူ့၏ပြင်းထန်သောအလိုဆန္ဒကြောင့် မိမိ၏ပြဿနာများကို မျက်ခြည်ပြတ်စေခဲ့လေ၏။

သခင်ယေရှု မည်သို့အသေခံခဲ့သည့်အကြောင်းနှင့် ထို့ကြောင့် လူသားအားလုံးသည် ကယ်တင်ခြင်းရရှိနိုင်သည်ကို ပေါလုက ပြောပြခဲ့လေ၏။ ထို့အပြင် အကောင်း သို့မဟုတ် အဆိုးစသည့် ကျွန်ုပ်တို့ပြုလုပ်နေသည့်အရာအားလုံးကို ဘုရားသခင် တရားစီရင်မည့် တရားစီရင်ခြင်းအကြောင်းကိုလည်း ပြောပြခဲ့လေ၏။ နားထောင်နေသောပြည်သူလူထုများသည် ထိုစကားများကို ယခင်က ဘယ်တုန်းကမှ မကြားဖူးခဲ့ချေ။ ထိုသတင်းကို ကြားပြီးနောက်၊ အများသောသူတို့သည် ခရစ်ယာန်အဖြစ်ပြောင်းလဲရန် ဆုံးဖြတ်ချက်ချခဲ့ကြလေ၏။ တိမောသေဩဝါဒစာ ဒုတိယစောင် ၄း၁၆၊ ၁၇။

နီရိုးသည်လည်း ယခင်၌ ထိုသို့သတင်းစကားများနှင့်ပတ်သတ်၍တစ်စုံတစ်ခုမှ မကြားဖူးခဲ့ချေ။ ထိုအချိန် ဘုရားသခင်သည် ဆိုးရွားသောနီရိုးကိုတောင် ကယ်တင်ခြင်းရရှိရန် အခွင့်အရေးကို ကမ်းလှမ်းပေးနေခဲ့သည်။ ထိုအချိန်မတိုင်မီ သူသည် အဘယ်မျှလောက်ဆိုးရွားသောသူဖြစ်ကြောင်းကို မိမိကိုယ်ကို ပို၍သဘောပေါက် နားလည်လာလေ၏။ သူသည် တခဏအတောအတွင်း ကြောက်ရွံ့တုန်လှုပ်ခဲ့၏။ သူသည် ငြိမ်းချမ်းသောအသက်တာနှင့် လွတ်ငြိမ်းသော၊ ကောင်းကင်ဆိုင်ရာ စင်ကြယ်ဖြောင့်မတ်သော အသက်တာဖြင့် အသက်ရှင်နေထိုင်ခွင့်ရလိုခဲ့လေ၏။ သို့သော် သူသည် ထိုအတွေးကို ပယ်ဖျက်ပြီး ပေါလုအား မြေအောက်အကျဉ်းတိုက်သို့ ပြန်ပို့လေ၏။ နောက်တဖန် သူသည် ကယ်တင်ခြင်းရမည့် အခွင့်အရေးကို ဘယ်တော့မှ ရရှိလိမ့်မည်မဟုတ်တော့ချေ။



**လက်တွေ့ကျင့်သုံးရန် -** သန့်ရှင်းသောဝိညာဉ်တော် ကျွန်ုပ်တို့အားပြောသောစကားကို အချိန်တိုင်းနာခံရန်မှာ အဘယ်မျှလောက် အရေးကြီးသနည်း။ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်အား “ငြင်းပယ်” ပြောဆိုတတ်သည့်အကျင့်ကိုသာ ဆက်လက်စွဲကိုင်ပါက၊ နောက်ဆုံးတွင် နီရိုးဘုရင်ကဲ့သို့ ကျွန်ုပ်တို့သည် သူ့ကို ငြင်းပယ်လိမ့်မည်ဖြစ်သည်။

## အင်္ဂါနေ့ | တိမောသေဩဝါဒစာ ဒုတိယစောင် ၃

နီရိုးဘုရင်သည် ပေါလုပြောထားခဲ့သောအရာများကို အလွန်သဘောကျပြီး၊ သူသည် ပေါလုအား မိမိကိုယ်တိုင် အပြစ်တင်မစီရင်နိုင်ခဲ့ချေ။ သို့သော် သူသည် ပေါလုကို လွတ်ငြိမ်းပေးမည့်အစား၊ သူ၏ထောင်အခန်းကျဉ်းသို့ ပြန်ပို့လိုက်လေ၏။ ပေါလုက မိမိသည် အသက်ကြာကြာရှင်တော့မည်မဟုတ်ကြောင်းကို သိ၏။ သို့သော် သူသည် ထိုနေ့တွင် အနိုင်ရရှိခဲ့သော ကြီးမားသောအောင်ပွဲအတွက် ပျော်ရွှင်ခဲ့၏။ အဘယ်ကြောင့်ဆိုသော် သူသည် သခင်ယေရှုအတွက် ထိုနေ့ ၌ ဟောပြောခွင့်ရခဲ့ပြီး၊ လူအများတို့သည် ဧဝံဂေလိတရားကို ကြားနာနိုင်ခဲ့ကြသောကြောင့် ဖြစ်သည်။

ပေါလုသည် အကျဉ်းခန်းထဲတွင် ထိုင်နေစဉ် သူ၏ “ချစ်လှစွာသောသား” တိမောသေကို သူတွေးမိခဲ့သည်။ (တိမောသေဩဝါဒစာ ၁း၂) အိုး၊ သူမသေမီ တိမောသေအား သူ့ထံလာတွေ့ဆုံရန် အဘယ်မျှလောက်တောင်းတခဲ့လိမ့်မည်နည်း။ သူ့ထံ၌ တိမောသေအား မှာထားရန် စကားများစွာရှိခဲ့သည်။ သို့သော် တိမောသေသည် ဖေက်မြို့၌ဖြစ်ပြီး၊ မိုင်ထောင်းပေါင်းများစွာရှိ၏။ တိမောသေသည် ရောမမြို့သို့ လာရောက်ပါက အနည်းဆုံးလပေါင်းများစွာ ကြာညောင်းမည်ဖြစ်၏။ ပေါလုသည် သူအသက်မည်မျှအချိန်ထိ အသက်ရှင်ရမည်ကို မသိခဲ့ချေ။ ထို့ကြောင့် သူသည် တိမောသေအား သူပြောချင်သောအရာများနှင့်အတူ အခြားသောစာစောင်တစ်ခုကို တိမောသေထံ ရေးပို့ရန်ဆုံးဖြတ်လေ၏။ ထိုစာစောင်ကို သင်လည်းပဲ ဖတ်ရှုနိုင်ပါသည်။ ထိုစာစောင်ကို သင်၏ကျမ်းစာထဲ၌ရှိသော တိမောသေဩဝါဒစာ ဒုတိစောင် ဟု ခေါ်သည်။



ပေါလုသည် တိမောသေအား အလျန်အမြန်ရောက်လာရန် တောင်းဆိုခဲ့၏။ ဆောင်းရာသီရောက်လာသောအခါ၊ တရောမြို့၌ ထားခဲ့သည့် ဝတ်ရုံကို လိုအပ်လာလေသည်။ ပေါလုက စာအုပ်များနှင့်သားရေစာစောင်များကို ထိုနေရာတွင် ထားခဲ့ပြီး၊ ထိုအရာများကို တိမောသေသည် သူနှင့် အတူယူဆောင်လာလိမ့်မည်ဟု မျှော်လင့်ခဲ့၏။ တိမောသေဩဝါဒစာ ဒုတိယစောင် ၄း၉၊ ၁၃၊ ၂၁။ ဤမျှသောသာမန် အရာတစ်ခုခုကို တောင်းဆိုခြင်းသည် ပေါလုသည် အလွန်လူသားပီသသူဟု ထင်စေသည်မဟုတ်လော။ ယခင်ကပင် သူသည် ထို့အတူပင် ဖြစ်သည်။

ပေါလုက တိမောသေအတွက် အကောင်းဆုံးစံနမူနာကိုပြခဲ့ပြီး၊ တိမောသေအား ဘာလုပ်သင့်သည်၊ ဘာကို ရှောင်ရမည် စသည်တို့ကို ပြောပြခဲ့လေ၏။ တိမောသောဩဝါဒစာ ဒုတိယစောင် ၂း၁၅၊ ၁၆၊ ၂၂-၂၅။

သူသည် တိမောသေအား လာမည့်အန္တရာယ်ရှိသောအချိန်ကာလများနှင့်ပတ်သတ်သောအကြောင်းကိုလည်း သတိပေးခဲ့၏။ ထိုအရာများကို ပေါလုက အဘယ်သို့ဖော်ပြခဲ့ကြောင်းကို တိမောသေဩဝါဒစာ ဒုတိယစောင် ၃း၁-၅ ၌ ဖတ်ပါ။ ထိုအခန်းငယ်များသည် ပွင့်လင်းသောအပြစ်သားများအကြောင်း မဟုတ်ပါ။ ပေါလုက သူတို့ကို “ဘုရားဝတ်၌မွေ့လျော်ခြင်းနှင့် ထိုမွေ့လျော်ခြင်း၏တန်ခိုးကို ငြင်းပယ်ခြင်း” ဟု ဖော်ပြထားသည်။ ထိုသူတို့သည် မိမိကိုယ်ကို ခရစ်ယာန်ဖြစ်သည်ဟု ပြောဆိုကြသော်လည်း၊ သမ္မာကျမ်းစာ၏ မိန့်မှာချက်များအားလုံးကို နားထောင်လိုက်နာမည့်အစား၊ သူတို့လုပ်ချင်၊ လိုချင်သည့်အရာများကိုသာ လုပ်ဆောင်နေခဲ့ကြ၏။

**လက်တွေ့ကျင့်သုံးရန် -** သင်သည် “ဘုရားသခင်ဝတ်၌ မွေ့လျော်ခြင်းအမှု” ကို ရှောင်ကြဉ်နိုင်မည်လော။ အငယ် ၁၄-၁၇ ၌ တိမောသေအား ပေါလု၏အကြံပေးချက်ကို ဖတ်ပါ။

## ဗုဒ္ဓဟူးနေ့ | ပေါလု၏သေခြင်း ၄

ထိုအချိန်သည် ယေရှုခရစ်တော် ကပ်တိုင်ပေါ်အသေခံပြီးနောက် ၃၆ နှစ်ခန့်၊ အေဒီ ၆၇ တွင် ဖြစ်နိုင်သည်။ ပေါလုသည် ရောမ မြို့အကျဉ်းထောင်၌ ရှိနေခဲ့ပြီး၊ သူ၏အခြေအနေနှင့်ပတ်သတ်၍ နီရိုးဘုရင်၏ နောက်ဆုံး ဆုံးဖြတ်ချက်ချမှတ်ခြင်းအတွက် စောင့်နေခဲ့သည်။ ပေါလုသည် တိမောသေထံစာရေးပြီး သူ့ထံအလျန်အမြန်ရောက်လာရန် တိုက်တွန်းခဲ့သော်လည်း(တိမောသေဩဝါဒစာ ဒုတိယစောင် ၄း၉၊ ၂၁) ၊ သို့သော် သူမသေခင် တိမောသေသည် သူ့အားတွေ့မြင်နိုင်ခြင်း ရှိမရှိ ကျွန်ုပ်တို့မသိရချေ။



နောက်ဆုံးတွင် နီရိုးဘုရင်သည် ပေါလုကို ခေါင်းဖြတ်သတ်ရန် သူ၏ဆုံးဖြတ်ချက်ကို ချမှတ်လိုက်လေ၏။ သို့သော် ပေါလု၏ အသေသတ်ခံရခြင်းကို ကြည့်ရှုရန် လူအများအား ခွင့်မပြုခဲ့ချေ။ စွပ်စွဲသူများက ပေါလု၏ဩဇာလွှမ်းမိုးမှုကို ကြောက်ကြ၏။ သူတို့က ပေါလုအသေသတ်ခံရသည့်အဖြစ်ကို ကြည့်ရှုသူအချို့ ခရစ်ယာန်များဖြစ်လာဖို့ရန် စည်းရုံးနိုင်လိမ့်မည်ဟု သူတို့ထင်ခဲ့ကြလေသည်။

သူတို့မှန်ပါသည်။ ကြည့်ရှုခွင့်ရရှိသောသူများအနည်းငယ်သည် ပေါလု၏ခွင့်လွှတ်ခြင်းစိတ်နေစိတ်ထားနှင့် သူ၏သေသည့်အချိန်အထိ စိတ်ရွှင်လန်းဖွယ်ကောင်းသော သဘောထားကို တွေ့မြင်ခဲ့ရကြလေ၏။ ထိုအကြောင်းကြောင့် ၎င်းတို့အထဲမှ အချို့တို့သည် ခရစ်ယာန်များဖြစ်လာပြီး၊ မကြာမီတွင် သူတို့သည် ကိုယ်ပိုင်ရွေးချယ်ခြင်းဖြင့် အာဇာနည်များဖြစ်လာခဲ့ကြလေ၏။

ပေါလုသည် သူ့အသတ်ခံရခါနီးတွင် အဘယ်သို့အားဖြင့် အလွန်စိတ်ရွှင်လန်းခဲ့နိုင်ခဲ့သနည်း၊ အဘယ်သို့အားဖြင့် အလွန်ခွင့်လွှတ်နေနိုင်ခဲ့သနည်း။ ၎င်းသည် ဘုရားသခင်ကို သူ၏ယုံကြည်ကိုးစားခြင်းအားဖြင့်ဖြစ်ပြီး၊ မတုန်မလှုပ်ဖြစ်လာခဲ့သည်။ ထို့အပြင် သူသည် စိတ်ဓာတ်ကျခြင်းသို့ ချက်ချင်းဆွဲချနိုင်သော သူ၏လက်ရှိအခြေအနေကို မကြည့်မှတ်ခဲ့ချေ။ ထို့သို့ဖြစ်လင့်ကစား၊ သူသည် အခြားသူများအကြောင်းကို တဖန် စဉ်းစားနေ၍၊ စစ်ဆေးစီရင်ခြင်းအားလုံးနှင့်ဆင်းရဲဒုက္ခခံစားရခြင်းများ ကုန်ဆုံးမည့်နေ့ရှိသည်ကို သူအာမခံခဲ့၏။ ဘုရားသခင်၏သစ္စာရှိမှုကို ယုံကြည်စိတ်ချစွာဖြင့်ရှိနေကြရန် ထိုမြို့ရှိခရစ်ယာန်အနည်းငယ်ကို သူအား ပေးရန်ကြိုးစားခဲ့၏။ တိမောသေဩဝါဒစာ ဒုတိယစောင် ၁း၁၂။

တိမောသေထံရေးသော သူ၏နောက်ဆုံးစာစောင်၌ ပေါလုသည် သူ၏အသက်တာ နောက်ဆုံးအချိန်တွင် ဤစကားများကို ပြောခဲ့သည်။

“အကြောင်းမူကား၊ ငါ့ကိုယဇ်ပေါ်မှာ လောင်းရသော အချိန်ရှိပြီ။ စုတေ့ရသောအချိန် ရောက်လေပြီ။ ကောင်းစွာသော တိုက်လှန်ခြင်းကို ငါပြုပြီ။ ပြေးရသောလမ်းကို အဆုံးတိုင်အောင်ပြေးပြီ။ ယုံကြည်ခြင်းတရားကို စောင့်ရှောက်ပြီ။ ယခုမှစ၍ ဓမ္မသရဖူသည် ငါ့အဘို့သိုထားလျက်ရှိ၏။ ထိုနေ့ရက်၌ တရားသဖြင့် စီရင်သောသူတည်းဟူသော သခင်ဘုရားသည် ထိုသရဖူကို ငါ့၌အပ်ပေးတော်မူမည်။ ထိုမျှမက၊ ပေါ်ထွန်းတော်မူခြင်းကို တောင့်တသောသူအပေါင်းတို့၌လည်း အပ်ပေးတော်မူမည်။” (တိမောသေဩဝါဒစာ ဒုတိယစောင် ၄း၆-၈)

အလွန်ခွန်အားဖြစ်စေသော သက်သေခံချက်ဖြစ်သည် မဟုတ်လော။ ပေါလုသည် ယေရှုကို တွေ့မြင်ရန် အဆင်သင့်ရှိနေခဲ့၏။ သင်သည် သင့်အသက်တာ၏အဆုံးပိုင်းတွင် ထိုစကားလုံးများကို ယုံကြည်စိတ်ချစွာပြောနိုင်သည့်အသက်တာကဲ့သို့ အသက်ရှင်နေထိုင်ရန် အလိုမရှိပါသလား။

**လက်တွေ့ကျင့်သုံးရန် -** ယနေ့အသင်းတော်လိုအပ်နေသည်မှာ ပေါလုကဲ့သို့သော စစ်သည်အ မှုဆောင်များဖြစ်ကြရမည်ဖြစ်သည်။ သူတို့သည် ဘုရားသခင်ကို သိပြီး ဘုရားသခင်ကို ချစ်မြတ်နိုးကြသောသူများဖြစ်ကြသည်။ စစ်ဆေးစီရင်ခြင်း သို့မဟုတ် စုံစမ်းနှောင့်ယှက်ခြင်းများနှင့် တာဝန်ဝတ္တရားများကို ကြောက်စရာမလိုပါ။ သို့သော် ဘုရားသခင်၏အမှန်တရားကို သူတို့လိုအပ်သည့်နေရာတိုင်းတွင် ဝေမျှဟောပြောရမည်ဖြစ်သည်။ သင်သည် ယနေ့ သခင်ယေရှု၏အမှုတော်ကို ဆောင်ရန် ဆပ်ကပ်လိုချင်စိတ်နှင့် သူ၏ စစ်သည်တော်အဖြစ် သစ္စာပြု၍ ကူညီပါဝင်ရန် စိတ်အလိုဆန္ဒမရှိသေးသလား။

## ကြာသပတေးနေ့ | ရှင်ယာကုပ်ဩဝါဒစာ ၅

ရှင်ယာကုပ်ဩဝါဒစာသည် ယာကုပ်အမည်ရှိသောသူ ရေးသားသောစာစောင်ဖြစ်သည်။ ထိုနာမည်အားဖြင့် သမ္မာကျမ်းစာ၌ လူမြောက်များစွာဖော်ပြသော်လည်း၊ ဤစာအုပ်ကို အဘယ်ယာကုပ်က ရေးသားခဲ့သည်ကို ကျွန်ုပ်တို့မသိပေ။ ထို့ပြင် အဘယ်အချိန်တုန်းက ရေးသားခဲ့သည်ကိုလည်း မသိကြပေ။ အဘယ်သို့ပင်ဖြစ်စေကာမူ၊ ဤစာစောင်သည် ကောင်းမြတ်ခြင်း၊ ကျွန်ုပ်တို့အတွက်နှင့် ခေတ်ကာလအားလုံး၌ရှိသော ခရစ်ယာန်များအတွက် လက်တွေ့ကျသော အကြံပေးချက်များအကြောင်းနှင့် ပြည့်နှက်နေပါသည်။

ယာကုပ်က ကျွန်ုပ်တို့သည် ဘုရားသခင်၏နှုတ်ထွက်စကားတော်ကို နာရုံမျှသာ မရှိသင့်ကြောင်း၊ ၎င်းကို စောင့်ထိန်းရန်နှင့် ကျင့်သုံးရန်လိုအပ်ကြောင်း ပြောပြထား၏။ အခြားတဘက်တွင် ကျွန်ုပ်တို့သည် မနက်တွင် မှန်၌ ကြည့်သောသူနှင့်တူပေ၏၊ အဘယ်ကြောင့်ဆိုသော် မိမိကိုယ်ကိုကြည့်ပြီးမှ၊ အခြားသို့သွား၍ မိမိမျက်နှာကို ဆေးကြောရန်နှင့် မိမိ၏ဆံပင်ကို ဖီးရန် မေ့လျော့သောသူ ဖြစ်၏။ သူသည် မိမိကိုယ်မှာ အဘယ်သို့အခြေအနေရှိသည်ကို မေ့လျော့လေ၏။ ကျွန်ုပ်တို့သည် ဘုရားသခင်၏လွတ်လပ်တရားမျှတသော ပညတ်တော်ကို ကြည့်ရန်လိုအပ်ပြီး၊ ကျွန်ုပ်တို့၏အပြစ်အနာများကို ရှင်းလင်းဖို့ရန် သခင်ယေရှုအား တောင်းဆိုသင့်ပေသည်။ ထိုသို့အားဖြင့် ကျွန်ုပ်တို့သည် လွတ်ခြင်းအခွင့်ကို ရရှိမည်ဖြစ်သည်။ ထိုအရာကို သခင်ယေရှုတပါးတည်းသာ လုပ်နိုင်ပါသည်။ ရှင်ယာကုပ်ဩဝါဒစာ ၁း၂၂ -၂၅၊ ရှင်ယောဟန်ဩဝါဒစာ ပဌမစောင် ၁း၉။

ယာကုပ်သည် အလွန်ရှင်းလင်းသော၊ လက်တွေ့ကျသော အမှန်တရားကို ပြောထား၏။ ထိုသို့ သူပြောထားသည်မှာ ကျွန်ုပ်တို့သည် အကျင့်ကို မကျင့်ဘဲနေလျှင် ကျွန်ုပ်တို့၌ စစ်မှန်သောယုံကြည်ခြင်း မရှိဟု ပြောထား၏။ ကျွန်ုပ်တို့သည် ဘုရားသခင်၌ ယုံကြည်ခြင်းရှိပါက၊ ကျွန်ုပ်တို့သည် ဘုရားသခင်ပြုလုပ်စေလိုသောအရာများကို ကျင့်ဆောင်ခြင်းအားဖြင့် ထိုယုံကြည်ခြင်းကို ကျွန်ုပ်တို့ပြသရမည်ဖြစ်သည်။ ရှင်ယာကုပ်ဩဝါဒစာ ၂း၁၄-၁၇။